# ဘာသာပြန်သူ၏ အမှာစကား

Speak English Around Town

"မြို့တော်တစ်ခွင် လည်ပတ်စဉ်၊ ပြည့်စုံကြွယ်ဝ အင်္ဂလိပ်စကားအလှ" ဤစာအုပ်ကို ပြုစုရာတွင် စကားပြော ကျွမ်းကျင်မှုကိုသာမက အရေးနှင့် အတွေးအခေါ်တို့ကိုပါ တစ်ပါတည်း ရရှိနိုင်စေရန်အတွက် အောက်ပါကဲ့သို့ ပြုစုထားကြောင်း တွေ့ရပါသည်။

ဤစာအုပ်တွင် Dialogue စုစုပေါင်း ၂၅ ပုဒ်တို့ဖြင့် အင်္ဂလိပ် အီဒီယမ် အသုံးအနှုန်း ၃၂၅ လုံးတို့ကို စိတ်ဝင်စားဖွယ် ပုံဖော်ရေးသားထား ပါသည်။ Dialogue တစ်ပုဒ်ပြီးလျှင် အီဒီယမ်တစ်လုံးစီ၏ အသုံးများကို ပိုင်နိုင်စေရန် အတွက် Idioms & Expressions ခေါင်းစဉ်ဖြင့် ဥပမာများနှင့်တကွ ရှင်းလင်း ဖော်ပြပေးပါသည်။ ထိုပေးထားသော အီဒီယမ် အသုံးများကို နားလည်၊ မလည် စမ်းသပ်နိုင်စေရန်အတွက် တစ်ဆက်တည်းမှာပင် Practice the Expression အခန်းဖြင့် ကျောင်းသားများကို လေ့ကျင့်စေပါသည်။ Fill in the blanks with the missing word ခေါင်းစဉ်နှင့် ဖြစ်စေ၊ Fill in the blanks using the following expressions ခေါင်းစဉ်နှင့်ဖြစ်စေ စမ်းသပ်မေးသည်တို့ကို ဖြေရပါသည်။ အဖြေမှန်များကို စာအုပ်နောက်ပိုင်းတွင် ဖော်ပြထားပါသည်။

ထို့ပြင် သင်ခန်းစာ တစ်ခုချင်းစီတွင် Language Lens ခေါ် grammar point နှင့် ဖွဲ့စည်းပုံ structure တို့ကို ရေးသားရှင်းပြပြီးနောက် Quick Quiz မေးခွန်းပုံစံတို့ဖြင့် မေးခွန်း ၁၀ ကြောင်းတို့ကို ဖြေဆိုနိုင်းပါသည်။ အဖြေများကို စာအုပ်၏ နောက်ပိုင်းတွင် ဖော်ပြထားသဖြင့် ကျောင်းသူ၊ ကျောင်းသားများအတွက် မပင်ပန်းစေတော့ဘဲ မိမိ၏ အရည်အသွေးကို သုံးသပ်နိုင်ကြကြောင်း တွေ့မြင်ရပါသည်။

Grammar ရှင်းလင်းချက်များကို တင်ပြရာတွင် Articles အသုံးပြုပုံ (Lesson-3) မှ စတင်ပြီး If clause အသုံးပြုပုံ (Lesson-2)၊ Could you (please)?, Could you mind? I was wondering စသည်ဖြင့် Polite request အသုံးပြုပုံ (Lesson-6)၊ Going to နှင့် Will တို့၏ အသုံးပြုပုံ ကွာခြားချက် (Lesson-10)၊ တစ်ဦးတစ်ယောက်အား အကြံဉာဏ်ပေးရန်နှင့် မည်သည့်အရာကို ပြုလုပ်သင့်ကြောင်း ပြောဆိုရန်တို့အတွက် "Better off" အသုံးပြုပုံ (Lesson-13)၊ "must have + past participle" အသုံးပြုပုံ (Lesson-19)၊ (Lesson-21)တွင် Comparative & Superlative Adjectives များကို အသုံးပြုပုံ၊ အကြံဉာဏ်ပေးရန် "had better" နှင့် မပြုလုပ်သင့် ကြောင်း ပြောဆိုရန် "had better not" တို့ကို အသုံးပြုပုံ (Lesson-22)၊ ဆန္ဒပြုပုံ "Wish" အသုံးအမျိုးမျိုး (Lesson-24) နှင့် When Two Verbs Are Together ခေါင်းစဉ်ဖြင့် (Lesson-25) တွင် ပထမကြိယာတစ်လုံး၏ နောက်မှ မည်သည့် ကြိယာတွင် to + V1 လိုက်ရမည်။ မည်သည့်ကြိယာ၏ နောက်တွင် V-ing လိုက်ရမည်တို့ကို အသုံးများသော ကြိယာများနှင့် ယှဉ်တွဲ၍ ရှင်းလင်းပြထားသောကြောင့် ဖတ်ရှုလေ့လာကြသော ကျောင်းသားများနှင့် စာပေဝါသနာရှင်များအတွက် များစွာ စိတ်ဝင်စားဖွယ် ကောင်းပြီး ဗဟုသုတ ရရှိကြမည်မှာ ဧကန်မလွဲဟု ယုံကြည်မိပါသည်။

အီဒီယမ် အသုံးများစွာ ရှိကြရာ အချို့သော အီဒီယံများမှာ နားလည်ရန် မလွယ်ကူလှပါ။ ခက်ခဲပါသည်။ ဥပမာ-

She arrived <u>out of the blue.</u>

သူမက မမျှော်လင့်ထားဘဲ ရောက်ရှိလာခဲ့သည်။

ဤနေရာ၌ out of the blue မှာ unanticipated, unexpectedly ဟု အဓိပ္ပာယ်မကွယ်ဝှက်ဘဲ လွယ်ကူရှင်းလင်းစွာ သုံးစွဲနိုင်ကြောင်း လေ့လာသူများ ကိုယ်တိုင် စိတ်ကျေနပ်ဖွယ်ရာ တွေ့မြင်ကြရပါလိမ့်မည်။

နိဂုံးချုပ်အားဖြင့် မနေ့တစ်နေ့မှ Internet ပို့ချချက်တစ်ခုမှ တွေ့ထားသော idiom ဝါကျတစ်ကြောင်းဖြင့် အဆုံးသတ်ပါရစေ။

He laughs best who laughs last.

တစ်စုံတစ်ဦးသည် ယခုမအောင်မြင်သေးသော်လည်း (ဆက်လက်ကြိုးစား ပါက) အဆုံးတစ်နေ့တွင် မုချအောင်ပွဲ ရရှိပါလိမ့်မည်။

idiom - used to say that even if someone is not successful now, he or she will succeed or be the winner in the end.

စားကြွင်း-

Listening practice အတွက် CD နှင့်လည်း ပူးတွဲ၍ လေ့ကျင့်အသုံးပြုနိုင်ကြပါသည်။

ဦးသန်းလွင် **How & Why**